ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန
အမိန့်ကြော်ငြာစာအမှတ်၊ ၀၀၁ / ၂၀၁၈
၁၃၈၀ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ( ၂ ) ရက်
( ၂၀၁၈ခုနှစ်၊ ဩဂုတ် လ ၂၈ ရက် )

၁။ စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၁( ဃ )နှင့် ပုဒ်မ ၅၈( ခ )တို့တွင် အပ်နှင်းထားသော တာဝန်များကိုကျင့်သုံး၍ ဧရာဝတီလင်းပိုင်များမျိုးပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်ရန်အတွက် အောက်တွင် သတ်မှတ်ထားသည့် ဧရာဝတီမြစ်ကြောင်းကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ ( Ayeyarwady Dolphin Protected Area )အဖြစ် ထပ်မံတိုးချဲ့ သတ်မှတ်လိုက်ပြီး အဆိုပါ ထိန်းသိမ်းရေးနယ်မြေအတွင်း အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများ အသုံးပြု၍ ငါးဖမ်းဆီးခြင်း မပြုရန်တားမြစ်လိုက်သည်။

<u>တားမြစ်ဧရိယာ</u>

စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ကသာမြို့နယ်၊ ထုံးရဲကျေးရွာ (အရှေ့ဘက်ကမ်း)နှင့် ဆင်ကုန်တိုင်ကျေးရွာ အနောက်ဘက်ကမ်း( မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၁၈.၈၅၁ မိနစ် ) ၊ (အရှေ့လောင်ဂျီတွဒ်၉၆ ဒီဂရီ၃၄.၆၄၇ မိနစ်)၊ဧရာဝတီမြစ်ကြောင်းမှစ၍စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် ၊ မောင်းကုန်းကျေးရွာ(အရှေ့ဘက်ကမ်း)နှင့် ကျွန်းကြီးကျေးရွာ (အနောက်ဘက်ကမ်း) (မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၉.၈၉၅ မိနစ်)၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၇.၇၀၀မိနစ် ) ဧရာဝတီမြစ်ကြောင်းအထိ

<u>တားမြစ်သည့် ငါးဖမ်းကိရိယာများ</u>

(၁)ရေလမ်းကြောင်းပိတ်ဆို့ချထားသည့်တန်းပိုက်၊

(၂)မြစ်ကြောင်းအတွင်းကမ်းတစ်ဖက်မှ တစ်ဖက်ကိုပိတ်၍ တားသည့်တန်းပိုက်များ၊

(၃)အလျား ( ၃၀၀ )ထက်ပိုသည့် မျှောပိုက်များ၊

(၄)ဘက်ထရီ/ကျင်စက်/ မီးစက်ဖြင့် ရှော့တိုက်ငါးဖမ်းဆီးခြင်း၊

(၅)အဆိပ်ချ / မိုင်းခွဲငါးဖမ်းဆီးခြင်း၊

(၆)ငါးလုပ်ငန်းဦးစီးဌာနမှအခါအားလျော်စွာတားမြစ်သည့် ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်းစနစ်များ၊

၂။ ရေလုပ်သားများအနေနှင့် တားမြစ်ထားသည့်ငါးဖမ်းကိရိယာများမှအပ မျှောပိုက်များချထား၍ ငါးဖမ်းရာတွင် တစ်ဖုံနှင့် တစ်ဖုံအကြား( ပေ ၆၀၀ )အကွာအဝေးချန်လှပ်ထားရန် သတ်မှတ်လိုက်သည်။

၃။ ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာအတွင်းရှိ ငါးနေငါးထိုင်များနှင့် ငါးများပေါက်ဖွားရာတွင် အရေးပါသော ရေတိမ်သောင်ခုံများ၊ ကျူတောများ၊ ကိုင်းတောများ၊ ဒိုက်တောများပျက်စီးစေသော အကြောင်းအရာများနှင့် ဓါတုဆေးဝါးများ၊ ဓါတ်သတ္တုပစ္စည်းများ မြစ်အတွင်း စွန့်ပစ်ခြင်းများ လုံးဝမပြု လုပ်ရန် တားမြစ်လိုက်သည်။

၄။ ရေလုပ်သားများ၊ ငါးလုပ်ငန်းဆောင်ရွက်သူများသည် ရေဝတီလင်းပိုင်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ တစ်ကောင်လုံးကိုသော်လည်းကောင်း၊ အစိတ်အပိုင်းများအဖြစ်လည်းကောင်း၊ ရောင်း ဝယ်ခြင်းမပြုလုပ်ရန်နှင့် မိမိတို့၏မျှောပိုက်များတွင်ရေဝတီလင်းပိုင်များနှင့် ယင်းတို့၏သားပေါက်ငယ် များ မတော်တဆဖမ်းဆီးရမိခဲ့လျှင် မြစ်အတွင်းသို့ အရှင်အတိုင်း အမြန်ဆုံးပြန်လွှတ်ပေးရမည်။

၅။ တားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်သည် ။

(signature)

ထွန်းထွန်းဝင်း
တိုင်းဒေသကြီးဦးစီးဌာနမှူး

စစ်ကိုင်းတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန
စာအမှတ်၊ တငလ-စက/ လင်းပိုင်/ ၂၀၁၈(၁၇၈၁)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ် လ ၂၈ ရက်

ဖြန့်ဝေခြင်း -

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့
ဝန်ကြီး၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့
ညွှန်ကြားရေးမှူးချုပ်၊ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်
ခရိုင်ဦးစီးဌာနမှူး၊ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ----------------မြို့
မြို့နယ်ဦးစီးဌာနမှူး၊မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ----------------------မြို့
ရုံးလက်ခံ
မျှောစာတွဲ